# Coronavirus Disease 2019(COVID-19)
# ဖြစ်ပွားနေစဉ်ကာလအတွင်း
# အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင် ပိုးသတ်သန့်စင်ခြင်းဆိုင်ရာ သိကောင်းစရာများ
# (Version 2.0)

**(Updated as of 2-6-2020)**

ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးပါရှိသည့် အစက်အမှုန်များ ကျရောက်ထားသောပစ္စည်းများ၊ မျက်နှာပြင်များကို ထိတွေ့ခြင်းဖြင့် ရောဂါကူးစက်နိုင်ခြေသည် ကျန်းမာရေးစောင့်ရှောက်မှုပေးသောနေရာများကဲ့သို့ အခြားနေရာများတွင် မမြင့်မားသော်လည်း အများပြည်သူ အသုံးပြုသော နေရာများ (ဥပမာ- ရုံးများ၊ ကျောင်းများ၊ စားသောက်ဆိုင်များ)ရှိ ထိတွေ့မှုများသောပစ္စည်းများ၊ မျက်နှာပြင်များ (ဥပမာ- တံခါး လက်ကိုင်၊ လှေကားလက်ရန်းများ၊ အိမ်သာ၊ ရေပိုက်ခေါင်း၊ အလုပ်စားပွဲစသည်)တွင် ယင်းရောဂါပိုးပါရှိသည့် အစက်အမှုန်များ ကျရောက်နိုင်ဖွယ်ရှိသောကြောင့် ယင်းပစ္စည်းများ၊ မျက်နှာပြင်များကို အဓိကထား၍ ပိုးသတ်သန့်စင်ရန်လိုအပ်ပါသည်။ ထိုသို့ ပိုးသတ်သန့်စင်ရာတွင် အသုံးပြုသူများ ဘေးအန္တရာယ် မဖြစ်ပေါ်စေရန်နှင့် ပစ္စည်းများ၊ မျက်နှာပြင်များပျက်စီးခြင်းတို့ မဖြစ်ပေါ်စေရန်အတွက် ပိုးသတ်သန့်စင်ဆေးရည်၏ပြင်းအားနှင့် ထိတွေ့သောအချိန်တို့ကို အထူးဂရုပြုရပါမည်။

## ၁။ ပိုးသတ်သန့်စင်ဆေးရည်ဖျန်းခြင်း၊ အငွေ့ပုံစံဖြင့်မှုတ်ခြင်းတို့အတွက် သတိပေးချက်

- ❖ **ဈေးများ၊ လမ်းမကြီးများနှင့် အဆောက်အဦများအတွင်း ပိုးသတ်သန့်စင်ဆေးရည်ကို ဆေးဖျန်းခြင်း (သို့) အငွေ့ပုံစံဖြင့် မှုတ်ခြင်းဖြင့် COVID-19 ရောဂါကိုဖြစ်စေသော ကိုရိုနာဗိုင်းရပ်စ်ပိုး အား ထိရောက်စွာပိုးသတ်သန့်စင်စေနိုင်သည်ဟူသော သက်သေအထောက်အထားများ မတွေ့ရှိသေးကြောင်း WHO မှဖော်ပြထားပါသည်။**
- ❖ ထို့အပြင် လူအများ အသုံးပြုသော စင်္ကြံနှင့်လျှောက်လမ်းများ၊ ကွန်ကရီမခင်းထားသောလမ်းများ၊ လှေကားများတွင်လည်း ပိုးသတ်ဆေးဖျန်းခြင်းသည် ထိရောက်မှုမရှိကြောင်းနှင့် ကျန်းမာရေးအတွက်အန္တရာယ်ဖြစ်စေနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) မှ သတိပေးထားပါသည်။
- ❖ **သေတ္တာ(box)များ၊ အကန့်(partition)ခွဲထားသောနေရာနှင့် မှန်ကာခန်းငယ်(booth) များကို အသုံးပြု၍ ကလိုရင်းနှင့် ကလိုရင်းကွန်ပေါင်းပါဝင်သော ပိုးသတ်သန့်စင်ဆေးရည် (သို့မဟုတ်) အခြားဓာတုဆေးရည် အပျော့စားများကို လူခန္ဓာကိုယ်ပေါ်သို့ ပက်ဖျန်းခြင်းဖြင့် ပိုးသတ်သန့်စင်ပေး၍ မရကြောင်း WHO မှ အတိအလင်း ကြေညာထားပါသည်။**

- ထို့အပြင် ပိုးသတ်သန့်စင်ဆေးရည်ကြောင့် အရေပြားထိခိုက်စေခြင်း၊ မျက်စိထိခိုက်စေခြင်း၊ ပါးစပ်အတွင်းဝင်ပါက Mucous Membrane (အာခေါင်၊ ခံတွင်းစသည်) များ ထိခိုက်ပျက်စီးခြင်း၊ အငွေ့ကို ရှူရှိုက်မိပါက အသက်ရှူလမ်းကြောင်း ထိခိုက်စေခြင်း၊ ရေနေသတ္တဝါများကို ပျက်စီးစေခြင်း နှင့် သတ္တုများကို စားလောင်စေခြင်းများကို ဖြစ်စေနိုင်ကြောင်း သတိပေးထားပါသည်။

## ၂။ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပိုးသတ်သန့်စင်ခြင်း အခြေခံသဘောတရား

- ပိုးသတ်သန့်စင်ဆေးရည် အသုံးပြု၍ ပိုးသတ်သန့်စင်ခြင်း (Disinfection) မပြုလုပ်မီ ရေနှင့် ဆပ်ပြာကို အသုံးပြု၍ သန့်ရှင်းရေးပြုလုပ်ခြင်း(Cleaning)သည် မရှိမဖြစ် အရေးပါသော အဆင့်တစ်ခု ဖြစ်ပါသည်။
- ထို့နောက် ပိုးသတ်သန့်စင်ခြင်း (Disinfection)ကို ထပ်မံ၍ လုပ်ဆောင်ရပါမည်။
- **ထိုသို့ ပိုးသတ်သန့်စင်ခြင်း လုပ်ဆောင်ရာတွင် အဝတ်ကို ပိုးသတ်သန့်စင်ဆေးရည်စွတ်ပြီး ပွတ်တိုက်ခြင်းသည် မှန်ကန်သောနည်းလမ်းဖြစ်သည်ဟု WHO မှ ဖော်ပြထားပါသည်။** ပိုးသတ်သန့်စင်ခြင်းပြုလုပ်ပြီး ယင်းအဝတ်ကိုပြန်လည်အသုံးပြုလိုပါက လျှော်ဖွပ်၍ အသုံးပြုရမည် ဖြစ်ပါသည်။
- အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင် ပိုးသတ်သန့်စင်ခြင်း ပြုလုပ်ရာတွင် WHO မှ ညွှန်ကြားချက်များအရ **ကလိုရင်းကို အခြေခံ၍ ထုတ်လုပ်ထားသော ပိုးသတ်သန့်စင်ဆေးရည် (0.1% Sodium Hypochlorite Solution(သို့မဟုတ်) 0.1% Calcium Hypochlorite Solution)၊ Hydrogen Peroxide ≥ 0.5% နှင့် 70–90% Ethyl Alcohol** တို့ကို အသုံးပြုနိုင်ပါသည်။ ထိုသို့ အသုံးပြုရာတွင် ပိုးသတ်သန့်စင်လိုသော ပစ္စည်းများ၊ မျက်နှာပြင်များနှင့် ပိုးသတ်သန့်စင်ဆေးရည်တို့ **ထိတွေ့ချိန်မှာ အနည်းဆုံး ၁ မိနစ်** ရှိရမည်ဖြစ်ပါသည်။

## ၃။ ကလိုရင်းကိုအခြေခံ၍ထုတ်လုပ်ထားသော အရည်နှင့်အမှုန့်များကိုအသုံးပြု၍ ပိုးသတ်သန့်စင်ခြင်း

- ကလိုရင်းကိုအခြေခံ၍ ထုတ်လုပ်ထားသော အရည်နှင့်အမှုန့်များကို အသုံးပြု၍ ရေနှင့် အချိုးကျ ရောစပ်ခြင်းဖြင့် 0.1% Sodium Hypochlorite Solution (1000ppm) (သို့မဟုတ်) 0.1% Calcium Hypochlorite Solution (1000ppm)ပါဝင်သော ပိုးမွှားသန့်စင်နိုင်သော ပိုးသတ်သန့်စင်ဆေးရည်ကို ရရှိနိုင်ပါသည်။
- အဆိုပါ ပိုးသတ်သန့်စင်ဆေးရည်တွင် ပါဝင်သော HOCl နှင့် $OCl^-$ သည် ကိုရိုနာဗိုင်းရပ်စ် အပါအဝင် အခြားဗိုင်းရပ်စ်များ၊ ဘက်တီးရီးယား၊ မှိုနှင့် မိုက်ကို ဘက်တီးရီးယားများ (Bacteria, Viruses, Fungi, Mycobacterium) များကို ပိုးသတ်နိုင်ခြင်းကြောင့် အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အသုံးပြုနိုင်ပါသည်။

❖ ၎င်း Hypochlorite acid (HOCL) နှင့် Hypochlorite Ion($OCl^-$) သည် **လုံလောက်သောထိတွေ့ချိန် (အနည်းဆုံး ၁ မိနစ်) နှင့်လုံလောက်သောပမာဏ** ရရှိမည်ဆိုပါက ဗိုင်းရပ်စ်၏ မျက်နှာပြင်တွင် ပါရှိသော ပရိုတိန်းကို ပျက်စီးစေခြင်းဖြင့် ဗိုင်းရပ်စ်များကို သေစေနိုင်ပါသည်။

(ပိုးသန့်စင်ဆေးရည်ဖြင့် သေစေနိုင်သော ဘက်တီးရီးယားနှင့်ဗိုင်းရပ်စ်များကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။)

- **အစွန်းချွတ်ဆေးအရည် (5% Sodium Hypochlorite)** ကိုအသုံးပြုပါက–
  - **0.1% Sodium Hypochlorite Solution (1000ppm) ရရှိရန်**
    - (ဆေးရည်1:50 အချိုး )ရေ(၁)လီတာတွင် ဆေးရည်(20ml)လက်ဖက်ရည်ဇွန်း(၄)ဇွန်းထည့်၍ ဖျော်စပ်ပါ။




- **အစွန်းချွတ်ဆေးအမှုန့် Bleaching Powder (35% Calcium Hypochlorite)** ကိုအသုံးပြုပါက–
  - **0.1% Calcium Hypochlorite Solution (1000ppm)ရရှိရန်**
    - Bleaching Powder ထမင်းစားဇွန်းရှည် မောက်မောက်(၂)ဇွန်း(28 gram)နှင့် ရေ(၁)လီတာကို ဦးစွာရောပါ။
    - ထို့နောက် ရေ(၉)လီတာ ထပ်မံရောစပ်ပါ။




*ဖျော်စပ်ပြီးဆေးရည်ကို(၂၄)နာရီအတွင်းကုန်အောင်အသုံးပြုရန် ဖြစ်ပါသည် *

* (၂၄) နာရီကျော်ပါကအာနိသင်လျော့ကျနိုင်ပါသည် *

**ပိုးသတ်သန့်စင်ဆေးရည် ဖျော်စပ်ခြင်းနှင့်အသုံးပြုခြင်းတွင် လိုက်နာရမည့်အချက်များ**

- ဆေးဖျော်စပ်သည့်နေရာသည် လေဝင်/လေထွက် ကောင်းသောနေရာ ဖြစ်ရမည်။
- ဆေးဖျော်စပ်ရာတွင် ရေအေးကိုသာအသုံးပြု၍ ဖျော်စပ်ရမည်။ ရေပူ/ရေနွေးသည် ဆေးအာနိသင်ကို လျော့ကျစေနိုင်ပါသည်။
- ဆေးဖျော်စပ်မည့်သူများ၊ သန့်ရှင်းရေးပြုလုပ်မည့်သူများနှင့် ပိုးသတ်သန့်စင်ခြင်းပြုလုပ်မည့်သူများသည် ပါးစပ်နှင့် နှာခေါင်းစည်း၊ ရာဘာလက်အိတ်၊ ရင်ကာ၊ အကာအကွယ်မျက်မှန် နှင့် လည်ရှည်ဖိနပ် တို့ကို အသုံးပြုရပါမည်။ ဖြစ်နိုင်ပါက chemical အသုံးပြုခြင်းအတွက် အထူးပြုလုပ်ထားသော တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းများကို ဝတ်ဆင်သင့်ပါသည်။
- ပိုးသတ်သန့်စင်ခြင်းပြုလုပ်ချိန်တွင်လေဝင်/လေထွက်ကောင်းစေရန် ပြတင်းပေါက်များကို ဖွင့်ထားပြီး လူအဝင်/ အထွက် မရှိချိန်ဖြစ်ရပါမည်။
- အမျိုးအစားမတူသော ပိုးသတ်သန့်စင်ဆေးရည်များကို ရောနှော၍ အသုံးမပြုရပါ။




**Personal Protective Equipment (တစ်ကိုယ်ရေသုံးအကာအကွယ်ပစ္စည်းများ) ဝတ်ဆင်ထားပုံ**

## ၄။ 70-90% Ethyl Alcohol ကိုအသုံးပြု၍ ပိုးသတ်သန့်စင်ခြင်း

အများပြည်သူ အသုံးပြုသော နေရာများရှိ မကြာခဏ ထိတွေ့မှုများသော သတ္တုမျက်နှာပြင်များ (ဥပမာ- Steel) ကိုမူ 70% Ethyl Alcohol ဖြင့် ပွတ်တိုက်ပြီး (၁)မိနစ်ကြာလျှင် သန့်ရှင်းသော အဝတ်ခြောက်ဖြင့်ထပ်မံသုတ်ကာ ပိုးသတ်သန့်စင်နိုင်ပါသည်။

**သန့်ရှင်းရေးပြုလုပ်ခြင်း (Cleaning) နှင့် ပိုးသတ်သန့်စင်ခြင်း (Disinfection) တို့ကို ညွှန်ကြားချက်အတိုင်း စနစ်တကျပြုလုပ်ခြင်းနှင့်အတူ**

- **အများသုံးပစ္စည်း(ဥပမာ- လှေကားလက်ရန်း၊ တံခါးလက်ကိုင်) များကို မလိုအပ်ဘဲ ထိတွေ့ကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်ပါ။**
- **အများသုံးပစ္စည်းများကို မကိုင်တွယ်မီနှင့် ကိုင်တွယ်ပြီးတိုင်း ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို မကြာခဏ စနစ်တကျ ဆေးကြောပါ။**

လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲနှင့်
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
(၂-၆-၂၀၂၀)

### ကိုးကားချက်များ


1. US CDC. Coronavirus Disease 2019 (COVID-19). Accessed 2.4.2020: Available from https://www.cdc.gov/coronavirus/2019-nCov, how to clean and disinfect for Coronavirus Disease 2019 (COVID-19)/ guideline for disinfection and sterilization in Healthcare Facilities, 2008 (updated in May 2019).
2. Western University, Canada, Accessed 2.4.2020: Available from https://www.cdc.gov/coronavirus/2019-nCov, guidelines for using sodium hypochlorite as A disinfectant for biological waste, 2015.
3. Hospital Infection Control Guidelines, 2016, Ministry of Health and Sports, Myanmar, Date Accessed 2.4.2020.
4. List N Products with Emerging Viral Pathogens AND Human Coronavirus claims for use against SARS-CoV-2 (www.epa.gov/pesticide-registration/list-n-disinfectants-use-against-sars-cov-2) Date Accessed 3.4.2020.
5. WHO and UNICEF, Water, sanitation, hygiene, and waste management for the COVID-19 virus, Interim guidance, Date Accessed 2.4.2020.
6. Cleaning and disinfection of environmental surfaces in the context of COVID-19, Interim guidance, 15 May 2020.

# နောက်ဆက်တွဲ

| Name of Disinfectant | Bacteria | Virus |
|---|---|---|
| Ethyl Alcohol | Pseudomonas aeruginosa | Herpes |
| | Serratiamarcescens | Vaccinia |
| | E coli | Influenza virus |
| | Samonellatyphosa | Adenovirus |
| | Staphylococcus aureus | Enterovirus |
| | Streptcoccuspyrogenes | Rhinovirus |
| | Mycobacterium tuberculosis | Rotavirus |
| | Cryptococcus neoformans | Hepatitis B Virus |
| | | Hepatitis A Virus |
| | Blastomycesdermatitidis | HIV |
| | Coccidioidesimmitis | Echovirus |
| | Histoplasmacapsulatum | Astrovirus |
| | | Human corona virus |
| Sodium Hypochlorite<br>Calcium Hypochlorite | Mycoplasma | HIV |
| | Vegetative Bacteria | Candida |
| | Mycobacterium tuberculosis | Murine norovirus |
| | B. atrophaeus | Adenovirus |
| | Mycotic agents | Rotavirus |
| | Clostridium difficile | Canine parvovirus |
| | Staphylococcus aureus | Norovirus |
| | Salmonella choleraesuis | Hepatitis A virus |
| | P. aeruginosa | Polio virus type 1 |
| | L. pneumophilaLegionella | Rhinovirus type 37 |
| | | Feline calicivirus |
| | | Enterovirus D 68 |
| | | Human corona virus |

***ပိုးရှိနေမှုပမာဏနှင့် ဆေးဖျော်စပ်ပုံ concentration မူတည်၍ လုံလောက်သော ထိတွေ့ချိန်ရှိမှသာ ပိုးမွှားများကို သေစေနိုင်ပါသည်။**